# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 1 , 2023 | Volume 73, Number 1

၁.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၁ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၇၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၇.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၀၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၀၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၆၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းပုစွန် ပြည်ပတင်ပို့မှုတိုးမည်ဟု ခန့်မှန်း



ကမ္ဘာတစ်ဝှမ်း ပုစွန်ထုတ်လုပ်မှုသည် ယခုနှစ်တွင် တန်ချိန် ၅ ဒသမ ၀၇ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားသည်။ ယမန်နှစ် ၂၀၂၂ ခုနှစ်ထက် ၁ ရာခိုင်နှုန်းလျော့နည်းမည်ဖြစ်သည်။ ကမ္ဘာ့ပုစွန်ထုတ်လုပ်မှုသည် လာမည့်နှစ်တွင် ၂ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားသည်။

တရုတ်နှင့်အီကွေဒေါ နှစ်နိုင်ငံစလုံးသည် ပုစွန်ထုတ်လုပ်မှုနှုန်း တိုးမြှင့်နိုင်ကြသည်။ ဗီယက်နမ်၊ အိန္ဒိယနှင့်အင်ဒိုနီးရှားစသည့် အာရှနိုင်ငံများသည် ပုစွန်ထုတ်လုပ်မှု ကျဆင်းလာသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံ ပြည်တွင်းပုစွန်ထုတ်လုပ်မှု အနည်းငယ်တိုးလာပြီး ပြည်ပဝယ်လိုအားအထူးသဖြင့် အမေရိကန်တွင် အားကောင်းခြင်းကြောင့် ထိုင်းနိုင်ငံ၏ ပုစွန်တင်ပို့မှုသည် လာမည့်နှစ်တွင် ၁၀ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ရသည်။

ထိုင်းပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ Ekapoj Yodpinit က ယခုနှစ် ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုမှာ တန်ချိန် ၂,၈၀,၀၀၀ ရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင်ထုတ်လုပ်သည့် စံချိန်နှင့်ကိုက်ညီကြောင်း ပြောကြားသည်။

ထိုင်းနိုင်ငံသည် ယမန်နှစ်က ဘတ် ၅၀ ဒသမ ၉ ဘီလီယံဖိုးရှိသည့် တန်ချိန် ၁,၄၄,၁၁၃ တင်ပို့ခဲ့သည်။ ယခုနှစ်တွင် အကြမ်းအားဖြင့် ဘတ် ၅၀ ဘီလီယံဖိုးရှိသည့် တန်ချိန် ၁,၂၀,၀၀၀ တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်ရာ ယခုနှစ်တွင် ယမန်နှစ်ကထက် တန်ဖိုးနှင့်ပမာဏ ၂ မျိုးစလုံး လျော့နည်းမည်ဖြစ်သည်။

ပုစွန်ပြည်ပတင်ပို့မှုကျဆင်းရခြင်းမှာ ပုစွန်ဈေးနှုန်းများနိမ့်ကျခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာသဖြင့် ပုစွန်မွေးမြူသူအချို့က ပုစွန်မွေးမြူခြင်း ရပ်ဆိုင်းထားခြင်းတို့ကြောင့်ဖြစ်သည်။ ပုစွန်မွေးမြူသူတို့ ကြုံကြရသည့် ရာသီဥတုအခြေအနေများ မတည်ငြိမ်ခြင်း၊ ပုစွန်မွေးမြူရေးတွင် အဖြစ်များသောရောဂါများ ကူးစက်ခြင်းအစရှိသည့် စိန်ခေါ်မှုများရှိနေသည်။ အန္တရာယ်အရှိဆုံးဖြစ်သည့် ရောဂါများကျရောက်ခြင်း ဆက်ရှိနေဆဲဖြစ်ပြီး ၎င်းရောဂါများကြောင့် ထိုင်းပုစွန်ထုတ်လုပ်မှုကို သိသာထင်ရှားစွာလျော့ကျစေသည်ဟု မစ္စတာ Ekapoj က ပြောကြားသည်။

ယခုနှစ် ပထမ ၁၀ လတွင် ထိုင်းနိုင်ငံမှ ပုစွန် ၁,၀၉,၆၆၃ တန် တင်ပို့ခဲ့သည်။ စုစုပေါင်းတန်ဖိုးမှာ ဘတ် ၃၆ ဒသမ ၂ သန်းဖြစ်သည်။ ယခုနှစ် ထိုင်းပုစွန်ထုတ်လုပ်မှုတွင် အထက်တောင်ပိုင်းဒေသ ၃၃ ရာခိုင်နှုန်း၊ အောက်တောင်ပိုင်းဒေသ ကပ္ပလီပင်လယ်ကမ်းရိုးတန်း ၂၀ ရာခိုင်နှုန်း၊ အရှေ့ပိုင်းဒေသ ၂၅ ရာခိုင်နှုန်း အသီးသီးပါဝင်မည်ဖြစ်သည်။ ထို့ပြင် အောက်တောင်ပိုင်းဒေသ ထိုင်းပင်လယ်ကွေ့ ၁၀ ရာခိုင်နှုန်း၊ အလယ်ပိုင်းဒေသ ၁၀ ရာခိုင်နှုန်း အသီးသီးပါဝင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ပုစွန်ထုတ်လုပ်မှုသည် လာမည့်နှစ်တွင် တန်ချိန် ၂,၉၀,၀၀၀ ရှိမည်ဟု ခန့်မှန်းထားသည်။ ပုစွန်ထုတ်လုပ်သော အဓိကနိုင်ငံလေးနိုင်ငံဖြစ်သည့် အီကွေဒေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့်ဗီယက်နမ်တို့သည် အကောက်ခွန်နှင့်ပတ်သက်၍ အမေရိကန်၏ စုံစမ်းစစ်ဆေးမှုများ ရင်ဆိုင်နေရသဖြင့် လာမည့်နှစ်တွင် အမေရိကန်သို့ ထိုင်းပုစွန်တင်ပို့မှုတိုးမြင့်လာရန် အခွင့်အလမ်းရှိနေသည်ဟု Ekapoj က ပြောကြားသည်။ အဆိုပါ ၄ နိုင်ငံသည် အမေရိကန်သို့ တင်ပို့ခွင့်မရသည့် ပုစွန်များကို တရုတ်နှင့်ဂျပန်သို့ တင်ပို့ကြမည်ဖြစ်သည်။

**Source: bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7252-shrimp.html

## မန္တလေးဈေးကွက် ဆီထွက်သီးနှံအမျိုးမျိုးအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်ဈေးနှုန်း အခြေအနေများ

**မန္တလေး ဆီထွက်သီးနှံဈေးကွက် အခြေအနေ**



မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ဆီထွက်သီးနှံများအနက် မြေပဲ (လုံးဆံ/ဆီဆံ) ဈေးနှုန်းမှာ မကွေး၊ စစ်ကိုင်းမှ အဝင်နည်းသွားပြီး မြင်းမူဘက်မှအဝင်သာရှိခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်သာရှိခြင်းကြောင့် ၁၀၀ ပိဿာ အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၅,၇၀,၀၀၀ ကျပ်မှ ယခုအပတ် ၅,၈၀,၀၀၀ ကျပ်သို့လည်းကောင်း၊ မြေပဲ (ဆီဆံ) မှာ နွားထိုးကြီးဘက်မှ အသစ်များဝင်ရောက်မှုရှိခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၅,၄၀,၀၀၀ ကျပ်မှ ယခုအပတ် ၅,၃၀,၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။

နှမ်းမျိုးစုံ ဈေးနှုန်းအနေဖြင့် နှမ်း(ဖြူ)မှာ မိုးနှမ်းအဝယ်နည်းသွားခြင်း၊ လုပ်ငန်းသမားနှင့် တရုတ်ဝယ်လက်ရှိခြင်းတို့ကြောင့် ၄၅ ပိဿာ အရည်အသွေးအကောင်းဆုံး ၃,၄၅,၀၀၀ ကျပ်မှ ၃,၆၀,၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညိုမှာ ဆီစက်သမားအဝယ်ပုံမှန်ရှိသော်လည်း အသစ်များဝင်ရောက်မှုရှိပြီး အရည်အသွေးကောင်းခြင်းကြောင့် အဟောင်း ၄၅ ပိဿာ ၂,၈၀,၀၀၀ ကျပ် ဖြင့် ဈေးတည်ငြိမ်နေပြီး အသစ်မှာ ၂,၉၀,၀၀၀ ကျပ်သို့ ဈေးမြင့်နေသည်။

နှမ်းနက်မှာမူ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၂,၇၀,၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းဝါနှင့်နှမ်းနီလည်းဝင်ရောက်မှုရှိပြီး အဝင်နည်းပြီး အရောင်းအဝယ်ဖြစ်မှုရှိသောကြောင့် နှမ်းဝါ ၄၅ ပိဿာ ၂,၉၀,၀၀၀ ကျပ် နှမ်းနီ ၃,၀၅,၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် စတင်စိုက်ပျိုးစကာလဖြစ်ခြင်းကြောင့် အသစ်မဝင်သေးခြင်း၊ အရောင်းအဝယ်အေးခြင်း၊ ကထိန်ကာလဖြစ်၍ ပိတ်ရက်များခြင်းကြောင့် ၄၅ ပိဿာ ၂,၀၀,၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

နေကြာစျေးနှုန်းမှာ မိုးနေကြာနှင့်ဆောင်းနေကြာကြား စပ်ကူးမတ်ကူးကာလဖြစ်ခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း အရည်အသွေးပေါ်မူတည်၍ ၁,၂၅,၀၀၀ ကျပ် မှ ၁,၃၅,၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။ ဆီစျေးနှုန်းများအနေဖြင့် မိုးမြေပဲဝင်ချိန်ဖြစ်၍ မြေပဲ(လုံးဆန်) အဝင်များခြင်းကြောင့် ဆီစျေးမှာလည်း ၁၃,၅၀၀ ကျပ် မှ ၁၂,၀၀၀ ကျပ်သို့ စျေးနိမ့်သွားပြီး နှမ်းဆီမှာ တစ်ပိဿာ ၁၂,၅၀၀ ကျပ်၊ နေကြာဆီမှာ နေကြာစျေးမြင့်သဖြင့် ၁၄,၀၀၀ ကျပ် မှ ၁၅,၀၀၀ ကျပ်သို့ စျေးမြင့်နေသည်။ မုန်ညင်းဆီ တစ်ပိဿာ ၁၀,၀၀၀ ကျပ်၊ ပဲပုပ်ဆီ တစ်ပိဿာ ၄,၀၀၀ ကျပ် မှ ၈,၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

**ပဲမျိုးစုံစျေးကွက်အခြေအနေ**

မန္တလေးကိုင်းတန်းစျေး စားဖိုဆောင်သီးနှံများအနေဖြင့် မြစ်သားကြက်သွန်နီ မဝင်သေးခြင်း၊ မြင်းမူ(ထီးဆောင်း)မှ လက်ကျန်များသာရှိခြင်း၊ အရည်အသွေးကောင်းရှားခြင်းကြောင့် နယ်ဝေးတင်ပို့ရမှုမရှိဘဲ မြို့တွင်းသုံးသာရှိသော်လည်း ကြက်သွန်(ကြီး) တစ်ပိဿာ ၃၇၀၀ကျပ်၊ (လတ်)တစ်ပိဿာ ၃၃၀၀ကျပ်ဖြင့် စျေးတည်ငြိမ်နေပြီး၊ ကြက်သွန်နီ(သေး)မှာ မြို့တွင်းစားသုံးရန် အဝယ်များခြင်းကြောင့် တစ်ပိသာ ၂၅၀၀ ကျပ် မှ ၂၇၀၀ ကျပ်သို့ စျေးမြင့်သွားသည်။ ကြက်သွန်ဖြူ (တရုတ်) မှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေပြီး ကြက်သွန်ဖြူ(ရှမ်း) မှာလည်း အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် အရည်အသွေးအနိမ့်ဆုံး ၉၀၀၀ ကျပ်မှ အကောင်းဆုံး ၁၁၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

အာလူးစျေးနှုန်းအနေဖြင့် အောင်ပန်းအာလူးများ အဝင်ပုံမှန်၊ စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေပြီး၊ တရုတ်အာလူးများ အဝင်နည်းခြင်းကြောင့် တစ်ပိဿာ ၃၂၀၀ ကျပ် မှ ၃၅၀၀ ကျပ်သို့ စျေးမြင့်သွားသည်။ ချင်းစျေးနှုန်းအနေဖြင့် ပြည်ပပို့ရန်အဝယ်မရှိသဖြင့် ပင်ရင်းစျေးနိမ့်ခြင်း၊ အဝင်ပုံမှန် မြို့တွင်းသုံးပုံမှန်ဖြစ်ခြင်းကြောင့် တစ်ပိဿာ ၃၅၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

**ပဲမျိုးစုံစျေးကွက်အခြေအနေ**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်းတွင် ပဲမျိုးစုံစျေးနှုန်းအနေဖြင့် မတ်ပဲစျေးနှုန်းမှာ စတင်စိုက်ပျိုးရန် ပြင်ဆင်စကာလဖြစ်ခြင်း ရန်ကုန်ဝယ်လက်နည်းခြင်း၊ ရေသွင်းပဲများဝင်ရောက်ခြင်းကြောင့် ယခင်အပတ် ၂,၇၅,၀၀၀ ကျပ်မှ ၂,၆၀,၀၀၀ ကျပ်သို့ စျေးမသိမသာနိမ့်သွားသည်။ ပဲတီစိမ်းစျေးနှုန်းအနေဖြင့် အသစ်များဝင်ရောက်မှုရှိခြင်း၊ ဒေသအလိုက် အရည်အသွေးပေါ်မူတည်၍ စျေးကွာခြားခြင်းတို့ကြောင့် အသစ် ၃ တင်းတစ်အိတ် ၁,၃၅,၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၁,၄၈,၀၀၀ ကျပ် ဖြင့် ပဲခွဲစက်များ ဝယ်ယူမှုသာရှိနေသည်။

ပဲစင်းငုံ(ဖြူ/နီ)စျေးနှုန်းအနေဖြင့် ပစ္စည်းရှားခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ပဲစင်းငုံ(ဖြူ) ၆၀ ပိဿာ ၃,၀၀,၀၀၀ ကျပ်၊ ပဲစင်းငုံ(နီ) ၆၀ ပိဿာ ၃,၈၀,၀၀၀ ကျပ် အမြင့်စျေးဖြင့်တည်ငြိမ်နေသည်။ ပဲပုပ်(ရှမ်း/မြန်မာ)တို့မှာ မိုးပဲအဝင်နည်းသွားခြင်း၊ ဆောင်းပဲစိုက်ပျိုးထားဆဲကာလဖြစ်ခြင်းကြောင့် လုပ်ငန်းသမားနှင့်ဆီစက်သမား အဝယ်နည်းခြင်းကြောင့် ပဲပုပ်(မြန်မာ) ၃ တင်းတစ်အိတ်လျှင် ၂,၀၀,၀၀၀ ကျပ်၊ ပဲပုပ်(ရှမ်း)မှာ ဆီစက်သမားအဝယ်နည်းခြင်း၊ မိုးပဲအဝင်ရှိခဲ့ခြင်းကြောင့် ၁,၉၅,၀၀၀ ကျပ် မှ ၁,၈၅,၀၀၀ ကျပ်သို့ စျေးမသိမသာနိမ့်သွားသည်။

ကုလားပဲ(လုံးဖြူကြီး)မှာ စတင်စိုက်ရန် ပြင်ဆင်စ ကာလဖြစ်ခြင်း လက်ကျန်နည်း၊ ပစ္စည်းနည်းခြင်း၊ လုပ်ငန်းသမား အဝယ်ရှိခြင်းကြောင့် လုံးဖြူကြီး ၃ တင်းတစ်အိတ် ၂,၆၅,၀၀၀ ကျပ်မှ ၂,၇၀,၀၀၀ ကျပ်သို့ စျေးမြင့်သွားပြီး၊ လုံးဝါကြီး (ထိုင်ဝမ်)မှာ ခွဲစက်သမား အဝယ်ရှိခြင်းကြောင့် ၂,၄၆,၀၀၀ ကျပ် မှ ၂,၅၅,၀၀၀ ကျပ် သို့ စျေးမြင့်သွားသည်။ ခွဲခြမ်းမှာမူ လုံးဝါကြီး အနိမ့်စျေးဖြင့် ကြိတ်ခွဲထားခြင်း၊ မြို့တွင်းသုံး ဝယ်ယူမှုနည်းခြင်းကြောင့် တစ်ပိဿာ ၆၁၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

ပဲယင်းမှာ စိုက်ပျိုးစ ကာလဖြစ်ခြင်း၊ လှောင်သမား ထုတ်ရောင်းလိုအားများဖြင့်၊ အရောင်းအဝယ်အေးခြင်းကြောင့် ၆၀ ပိဿာ ၁,၅၃,၀၀၀ ကျပ်မှ ၁,၄၅,၀၀၀ ကျပ်သို့ စျေးနိမ့်သွားသည်။ မြေထောက်ပဲ၊ စားတော်ပဲ၊ (ကျွန်း) ပဲလွန်းဖြူ/ပြာတို့မှာ စတင်စိုက်ပျိုးစကာလဖြစ်ခြင်း၊ လက်ကျန်များခြင်း၊ မြို့တွင်းလက်လီသမား အဝယ်နည်းခြင်းတို့ကြောင့် မြေထောက်ပဲ ၅၄ ပိဿာ ၃၃၀၀၀၀ကျပ်၊ စားတော်ပဲ ၃,၁၀,၀၀၀ကျပ်၊ ပဲလွန်းဖြူ ၁,၇၀,၀၀၀ကျပ်၊ ပဲလွန်းပြာ ၁,၉၀,၀၀၀ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ မိုးပဲအဝင်နည်းပြီး ဆောင်းပဲစိုက်ပျိုးစကာလဖြစ်ခြင်း၊ လုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပစ္စည်းကောင်းရှားပြီး အရည်အသွေးအကောင်းဆုံး ပဲကြီး(ကြီး) ၃ တင်း ၄,၁၀,၀၀၀ ကျပ်၊ ပဲကြီး(သေး) ၃,၇၀,၀၀၀ ကျပ်၊ ထောပတ်ပဲ(ကြီး) ၃ တင်းတစ်အိတ် ၄,၃၀,၀၀၀ကျပ်၊ ထောပတ်ပဲ(သေး) ၃,၇၀,၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

**ဂျုံနှင့်အစေ့ထုတ်ပြောင်းဈေးကွက်အခြေအနေ**

မန္တလေးပွဲစားကုန်သည်စက်ပိုင်ကထိန်တော်အသင်းတွင် ဂျုံဈေးနှုန်းအနေဖြင့် အသစ်စိုက်ပျိုးထားချိန်ဖြစ်၍ လှောင်သမား ထုတ်ရောင်းမှုရှိခြင်း၊ ဂျုံစက်များအဝယ်နည်းခြင်းကြောင့် မုံရွာ၊ ဘုတလင်၊ ငါန်းဇွန်၊ မြို့သာ၊ ဆားတောင်၊ စစ်ကိုင်း၊ ရွှေဘို၊ မြင်းမူ၊ မြောင်၊ ကလေးတို့မှဂျုံများမှာ အရည်အသွေးအကောင်းဆုံး ယခင်အပတ် ၁၉၀၀၀၀ ကျပ်မှ ယခုအပတ် ၁,၈၅,၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ရှမ်းဂျုံမှာ ၃ တင်းတစ်အိတ် ၁,၈၀,၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ဩစတေးလျဂျုံမှုန့် တစ်ပိဿာ ၃၄၅၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ်ပြောင်းမှာ မိုးပြောင်းများအဝင်ရှိခဲ့ပြီး၊ အစာစပ်သမား ပုံမှန်ဝယ်ယူမှုသာရှိသဖြင့် ၃ တင်းတစ်အိတ် ၅၃,၀၀၀ ကျပ် မှ ၅၂,၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

**ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကွက်အခြေအနေ**

မန္တလေးသီရိမာလာဈေးတွင် နောင်ချိုမှ ပြောင်းဖူးများအဝင်များပြီး အရည်အသွေးညံ့သောကြောင့် ၁၀၀ ဖူးလျှင် ၂၀,၀၀၀ ကျပ်၊ ညောင်ပင်ဝန်းမှ သခွား(၁၀၀)လုံးပါ တစ်အိတ် ၂၂,၀၀၀ ကျပ်ဖြင့် လက်လီသမားနှင့်မှာယူသောမြို့များသို့ တင်ပို့မှုရှိသည်။ ခရမ်းချဉ်(အင်းသီး) ၂၀ ပိဿာ တစ်သေတ္တာလျှင် အရည်အသွေးညံ့သွားခြင်း၊ အဝင်များခြင်းကြောင့် ၂၀,၀၀၀ကျပ် မှ ၂၄,၀၀၀ ကျပ် မုံရွာမှထိုင်ဝမ်သီးများ စတင်ဝင်ရောက်ပြီး တစ်ပိဿာ ၁၂၀၀ ကျပ် အဝေးတင်ပို့ရမှုနည်းပြီး မြို့တွင်းသုံး ဝယ်ယူမှုသာ ရှိနေသည်။

ငရုတ်စိုဈေးနှုန်းအနေဖြင့် မိတ္ထီလာ၊ မုံရွာတို့မှ ငရုတ်စို(ရှည်)များ အဝင်များခြင်း၊ မြို့တွင်းလုပ်ငန်းသုံး ဝယ်ယူမှုသာရှိခြင်း ကြောင့် ငရုတ်စို(ရှည်) တစ်ပိဿာ ၂၅၀၀ ကျပ်၊ ငရုတ်(လတ်)မှာ တပ်ကုန်းဘက်မှ ရာသီကုန်ဖြစ်ပြီး မုံရွာ၊ ချောင်းဦးမှ စတင် ဝင်ရောက်သဖြင့် တစ်ပိဿာ ၄၅၀၀ ကျပ်ဖြင့် ငပိထောင်း၊ လက်ဖက်လုပ်ငန်းရှင်များ ဝယ်ယူမှုပုံမှန်ရှိပြီး နယ်ဝေးတင်ပို့ရမှု နည်းသည်။

ပြင်ဦးလွင်မှ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်များ လှိုင်လှိုင်ဝင်ရောက်ပြီး၊ အရည်အသွေးနိမ့်သဖြင့် ပန်းမုန်လာတစ်ပွင့် ၅၀၀ကျပ်၊ ဂေါ်ဖီတစ်ထုပ် ၇၀၀ ကျပ်ဈေးဖြင့် လက်လီသမားများ ပုံမှန်ဝယ်ယူနေသည်။

သစ်သီးဝလံဈေးနှုန်းအနေဖြင့် သီပေါ၊တန့်ယန်း နာနတ်များအဝင်ရှိပီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၆၀၀ မှ ၁၀၀၀ ကျပ်၊ မန္တလေးဝန်းကျင်မှ သခွားမွှေး၊ ရွှေသခွားများဝင်ရောက်ပြီး တစ်လုံးအရည်အသွေးပေါ် မူတည်၍ ၁၅၀၀ မှ ၂၀၀၀ ကျပ်၊ ကျောက်ဆည်၊ ချောင်းဦးတို့မှ သဘော်သီးများဝင်ရောက်မှုရှိပြီး ၂ လုံးတွဲတစ်ထုပ် ၁၈၀၀ကျပ်၊ ရမည်းသင်း၊ မိတ္ထီလာ စပျစ်သီးတစ်ပိဿာ ၆၅၀၀ ကျပ်၊ တရုတ်စပျစ် ၄ ပိဿာတစ်ခြင်း ၄၀၀၀၀ကျပ်၊ ထောပတ်သီး ၁၂၀ လုံးပါ ပိုက်အိတ်တစ်အိတ် ၃၅၀၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးရန်ဝယ်ယူမှုများပြီး အဝေးတင်ပို့ရမှုနည်းသည်။ သီပေါဘက်မှ လိမ္မော်သီးများလည်း ဝင်ရောက် ပြီး ၂၀ ပိဿာဝင် တစ်ခြင်း ၃၅,၀၀၀ ကျပ်ဖြင့် ဝင်ရောက်မှုများနေသည်။

**Source:** Market Information Service– DOP– MOALI

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7253-mandalay-weekly-report.html

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်လကုန်ပတ်နှင့်ယခုလကုန်ပတ် နှိုင်းယှဉ်မှုအခြေအနေ

နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ မြေပဲလုံးဆန်ဖြူနှင့် ဆီဆန်ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်ဈေးနှုန်းများ

ဈေးမြင့်နေကြောင်းသိရသည်။ ယခုလကုန်ပတ်အတွင်း နှမ်းညိုတစ်တင်းလျှင် (၉၀၅၀၀)ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၉၃၀၀၀-၉၆၀၀၀) ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် (၁,၀၀,၀၀၀-၁,၀၈,၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၉၀၀၀၀-၁,၀၆,၀၀၀) ကျပ်ဖြစ်ကာ ယခင်လကုန်ပတ်ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် (၈၉၀၀၀-၉၀၀၀၀) ကျပ်၊ နှမ်းဝါတစ်တင်းလျှင် (၈၈၀၀၀)ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် (၉၀,၀၀၀-၁,၀၀,၀၀၀) ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၅၀၀၀-၉၅၀၀၀)ကျပ် ရှိနေကြောင်း သိရသည်။

ယခုလကုန်အပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၅၆၀၀-၅၇၀၀) ကျပ် မြေပဲဆီဆန်ဖြူတစ်ပိဿာ (၅၃၀၀) ကျပ်ရှိပြီး၊ ယခင်လကုန်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၅၈၀၀) ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ (၅၅၀၀) ကျပ်၊ ယခုလကုန် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်ဖြူနှင့် မြေပဲဆီဆန်ဖြူ အနည်းငယ်ကျဆင်းနေကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲဆီတစ်ပိဿာ (၁၁၅၀၀) ကျပ်၊ နှမ်းဆီ တစ်ပိဿာ (၁၂၀၀၀-၁၂၅၀၀)ကျပ်၊ ပဲဖတ်တစ်ပိဿာ(နယ်-၂၃၂၅ )ကျပ်၊ နှမ်းဖတ်တစ်ပိဿာ (၂၃၀၀) ကျပ်၊ နေကြာဖတ် တစ်ပိဿာ (၁၇၀၀)ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရပါသည်။

**Source:** https://myantrade.gov.mm/article/Monywa_30112023_1501

## မိုးနှမ်းရောင်စုံ ဈေးအနည်းငယ်တက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်များတွင် နှမ်းရောင်စုံတို့အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ အညာနှမ်းသီးနှံကို တရုတ်ဝယ်လက်များက အကြိုက်တွေ့နေပြီး အက်ဆစ်လွတ်သည့်နှမ်းများကို ဈေးပိုပေး၍ဝယ်ယူနေပါသည်။ ပြီးခဲ့သည့် အောက်တိုဘာလနောက်ပိုင်းတွင် နှမ်းဈေးနှုန်း အတက်အကျနည်းကာ ငြိမ်နေသော်လည်း ယခုနိုဝင်ဘာလနောက်ပိုင်းတွင် တရုတ်ဝယ်လိုအားကြောင့် နှမ်းဈေးများ အနည်းငယ်မြင့်တက်လာပါသည်။

နှမ်းသီးနှံကို တရုတ်နှင့်ဂျပန်နိုင်ငံတို့က အဓိကဝယ်ယူနေပြီး အခြားနိုင်ငံများမှလည်း အမှာရှိပါက တင်ပို့ရောင်းချရပါသည်။ ပြည်တွင်းဝယ်လက်များဖြစ်သော ဆီကြိတ်စက်များ၊ နှမ်းလှော်လုပ်ငန်းများနှင့် နှမ်းယိုလုပ်ငန်းများမှလည်း ပုံမှန်ဝယ်လိုအားရှိနေပြီး နှမ်းနက်(စမုံ) ကိုတော့ ပြည်ပဝယ်လက်များက ဝယ်လိုအားရှိနေခြင်းဖြစ်ပါသည်။

အောင်လံကုန်စည်ဒိုင် နှမ်းဈေးနှုန်းများအနေဖြင့် (၁၇.၁၁.၂၀၂၃)ရက်နေ့တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် (၃,၁၀,၀၀၀)ကျပ်၊ နှမ်းပြာ/နက် ၄၅ ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင်(၂,၇၀,၀၀၀)ကျပ်၊ နှမ်းဖြူ ၄၅ ပိဿာ(၃)တင်းဝင် (၁)အိတ်လျှင် (၃,၀၀,၀၀၀)ကျပ်၊ နှမ်းနီ ၄၅ ပိဿာ (၃)တင်းဝင်(၁) အိတ်လျှင် (၂,၇၅,၀၀၀)ကျပ်ဈေးတို့ဖြင့် ဈေးငြိမ်နေရာမှ (၂၀.၁၁.၂၀၂၃)ရက်နေ့တွင် နှမ်းနက်(စမုံ) ၄၅ ပိဿာ(၃)တင်းဝင်(၁)အိတ်လျှင် (၃,၂၀,၀၀၀)ကျပ်၊ နှမ်းပြာ/နက် ၄၅ ပိဿာ (၃)တင်းဝင်(၁)အိတ်လျှင် (၂,၈၀,၀၀၀)ကျပ်၊ နှမ်းဖြူ ၄၅ ပိဿာ(၃)တင်းဝင် (၁)အိတ်လျှင် (၃,၁၀,၀၀၀)ကျပ်၊ နှမ်းနီ ၄၅ ပိဿာ (၃)တင်းဝင်(၁)အိတ်လျှင် (၂,၈၀,၀၀၀)ကျပ်တို့ဖြင့် ဈေးအနည်းငယ်မြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ကုန်အဝင်အားဖြင့် တစ်ရက်လျှင် နှမ်းနက်(စမုံ) အိတ်(၁၀၀၀)မှ(၁၅၀၀)ကြား၊ နှမ်းပြာ/နက် အိတ်(၂၀၀)၊ နှမ်းနီအိတ်(၁၀၀)မှ(၁၅၀)ကြား၊ နှမ်းဖြူအိတ်(၁၀၀)တို့ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်နေကာ လာမည့်ဆောင်းနှမ်းများကတော့ အက်ဆစ်လွတ်နိုင်သည့်အတွက် နှမ်းတောင်သူများ ဈေးကောင်းရနိုင်မည်ဟု ကုန်သည်တစ်ဦးက သုံးသပ်ပြောကြားထားပါသည်။

Source: **မကွေးတိုင်းဒေသကြီးဦးစီးမှုးရုံး**

## မောတောင်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်/သွင်းကုန် ကုန်သွယ်နိုင်မှုအခြေအနေ

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၀ ဒသမ ၁၃၈၈) သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၀ ဒသမ ၀၃၀၇)သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၆၉၅)သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပါသည်။

မောတောင်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ (၂၇) ရက်နေ့မှ (၂၈) ရက်နေ့အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ(၅၅)တန်၊တန်ဖိုးကန်ဒေါ်လာ(၀ ဒသမ ၀၄၈၈)သန်း၊ ဂျင်းခရု(အရှင် ) (၂ ဒသမ ၇) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ

၀၀၄၁)သန်း၊ ရွှံ့ကဏန်း (အရှင်) (၁ ဒသမ ၂) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၄၆)သန်း၊ ကင်းမွန်ပြုတ်ခြောက် (၀ ဒသမ ၃)တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၁၀၃)သန်း၊ ရေခူဆားနယ် (၁၈ ဒသမ ၅)တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၃၅၁)သန်း၊ ကျောက်ပုစွန် (အရှင်) (၀ ဒသမ ၅)တန်၊ တန်ဖိုးကန်ဒေါ်လာ(၀ ဒသမ ၀၁၀၃)၊ ငှက်ပျောသီး(၅၀)တန်၊ တန်ဖိုးကန်ဒေါ်လာ(၀ ဒသမ ၀၁၅၂)သန်း၊ ငရုတ်သီးစိမ်း(၇ ဒသမ ၁)တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၅၆)သန်း၊ တံမြက်စည်း (၂၄၀၀၀)၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၄၈)သန်း တင်ပို့နိုင်ခဲ့ပြီး၊ အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး (၄ ဒသမ ၅)တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၁၃)သန်း၊ ငါးအစာ (၆၀)တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၂၀၆)သန်း၊ ပုစွန်အစာ (၃၀)တန် ၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၀၈၈)သန်းဖြစ်ပါသည်။

မောတောင်ကုန်သွယ်ရေးစခန်းက အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ ငါးမျိုးစုံ (၈၈၇ ဒသမ ၂၇) ဒေါ်လာနှုန်းဖြင့် (၅၅) တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၄၈၈)သန်း၊ ဂျင်းခရု (အရှင်) (၁၅၁၈ ဒသမ ၅၂) ဒေါ်လာနှုန်းဖြင့် (၂ ဒသမ ၇) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၄၁) သန်း၊ ရွှံ့ကဏန်း (အရှင်) (၃၈၃၃ ဒသမ ၃၃) ဒေါ်လာနှုန်းဖြင့် (၁ ဒသမ ၂) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၄၆) သန်း၊ ကင်းမွန်ပြုတ်ခြောက် (၃၄၃၃၃ ဒသမ ၃၃) ဒေါ်လာနှုန်းဖြင့် (၀ ဒသမ ၃) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၁၀၃) သန်း၊ ရေခူဆားနယ် (၁၈၉၇ ဒသမ ၃) ဒေါ်လာနှုန်းဖြင့် (၁၈ ဒသမ ၅) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၃၅၁) သန်း၊ ကျောက်ပုစွန် (အရှင်) (၂၀၆၀၀) ဒေါ်လာနှုန်းဖြင့် (၀ ဒသမ ၅) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၁၀၃) သန်း၊ ငှက်ပျောသီး (၃၀၄) ဒေါ်လာနှုန်းဖြင့် (၅၀) တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၁၅၂)သန်း၊ ငရုတ်သီးစိမ်း (၇၈၈ ဒသမ ၇၃) ဒေါ်လာနှုန်းဖြင့် (၇ ဒသမ ၁) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၅၆) သန်း၊ တံမြက်စည်း (၁)ချောင်းလျှင် (၀ ဒသမ ၂) ဒေါ်လာနှုန်းဖြင့် (၂၄၀၀၀) ၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၄၈)သန်းဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းအဓိက တင်သွင်းလျက်ရှိသည့် သွင်းကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ သစ်သီး (၂၈၈ ဒသမ ၈၆) ဒေါ်လာနှုန်းဖြင့် (၄ ဒသမ ၅)တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၀၁၃)သန်း၊ ငါးအစာ (၃၄၃ ဒသမ ၃၃) ဒေါ်လာနှုန်းဖြင့် (၆၀)တန်၊ တန်ဖိုးကန်ဒေါ်လာ (၀ ဒသမ ၀၂၀၆)သန်း၊ ပုစွန်အစာ (၂၉၃ ဒသမ ၃၃) ဒေါ်လာနှုန်းဖြင့် (၃၀) တန်၊ တန်ဖိုး ကန်ဒေါ်လာ (၀ ဒသမ ၀၀၈၈)သန်းဖြစ်ပါသည်။

မြိတ်မှမောတောင်သို့ ကုန်စည်သယ်ယူစရိတ်အနေဖြင့် ယာဉ်တစ်စီးလျှင် ကုန်ကျစ် (၇,၀၀,၀၀၀) ကျပ်နှင့် ကုန်ပွ (၇,၀၀,၀၀၀)ကျပ် ဝန်းကျင်ရှိကြောင်းသိရှိရသည်။ လက်ရှိတွင် မြိတ်-တနင်္သာရီ-မောတောင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/% E1%80%99%E1%80%B1%E1%80%

## မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန်ဈေးနှုန်း ဈေးအေးနေ

နိုဝင်ဘာလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ မကွေး၊ နတ်မောက် ၊ စစ်ကိုင်း၊ ဝက်လက်၊ နွားထိုး၊ မြင်းမူ၊ ကျောက်ဆည်၊ မလှိုင်၊ မြင်းခြံ၊ ပခုက္ကူဘက်မှ မြေပဲဆန်အသစ်များ ဝင်ရောက်နေကြောင်းသိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုနည်းခြင်း၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူမှုအေးခြင်းတို့ကြောင့် မြေပဲဈေးနှုန်း ဆက်တိုက်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၃၀၀ မှ ၅၄၀၀၊ ယခင်တစ်ပတ် ကျပ် ၅၃၀၀ မှ ၅၅၀၀၊ ယခင်လ ကျပ် ၅၃၀၀ မှ ၅၅၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ ၊ ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခုတစ်ပတ် ကျပ် ၅၇၀၀ မှ ၅၆၀၀၊ ယခင်တစ်ပတ် ကျပ် ၅၆၀၀ မှ ၅၇၀၀၊ ယခင်လ ကျပ် ၅၈၀၀ မှ ၆၄၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး ၊ ယခင်လထက် ကျပ် ၂၀၀ မှ ၇၀၀ နိမ့်ကျလာသည်။

**S1 ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၁၀၀ မှ ၅၄၀၀၊ ယခင်တစ်ပတ်ကျပ် ၅၃၀၀ မှ ၅၅၀၀၊ ယခင်လကျပ် ၅၂၀၀ မှ ၅၄၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၂၀၀ ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

Source: **မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## STOCK EXCHANGE (1.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,041 (Shares) | 5,322,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,700 | 8,800 | 8,700 | 128 | 1,113,900 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 741 | 2,113,850 | 38,929,150 | 112,895 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 160 | 248,000 | 29,664,613 | 45,980 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,050 | +50 | +2.50% | 2,000 | 2,050 | 2,000 | 410 | 820,500 | 19,977,223 | 40,953 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 592 | 976,900 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 1st Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.20 | -0.59 | -0.16% | 361.00 | 363.79 | 361.00 | 2,041 | 5,322,150 | 8 | 685,052 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Dec. 2023

| Trading Volume | Trading Value |
|---|---|
| 2,041 (Shares) | 5,322,150 (MMK) |

### Main Board

As of 1:00 pm, 1st Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,041 (Shares) | 5,322,150 (MMK) |

| MYANPIX | 363.20 ▼ 0.59 |
|---|---|
| Total Volume (shares) | 2,041 |
| Total Value (MMK) | 5 mil |
| Listed Company | 8 |
| Market Cap. (MMK) | 685,052 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,050 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 50 |